# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# အခွန်အယူခံခုံအဖွဲ့

## ယုံကြည် မျှတ မှန်ကန် အခွန်အယူခံ

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက်

# အစီရင်ခံစာ

ရက်စွဲ။ ၂၀၂၄ ခုနှစ် ၊ မေ လ ၉ ရက်

နေရာ။ နေပြည်တော်

လျှို့ဝှက်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# အခွန်အယူခံခုံအဖွဲ့

## ၂၀၂၃ -၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက်

## အခွန်အယူခံဆိုင်ရာ ကြားနာမှုများနှင့် စပ်လျဉ်း၍ အစီရင်ခံတင်ပြခြင်း

## မာ တိ ကာ


| စဉ် | | စာမျက်နှာ |
|---|---|---|
| ၁ | နိဒါန်း | ၁-၂ |
| ၂ | ခုံအဖွဲ့ ဖွဲ့စည်းခြင်း | ၂ |
| ၃ | အစီရင်ခံစာ တင်ပြရခြင်း ရည်ရွယ်ချက် | ၂ |
| ၄ | လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု | ၃-၈ |
| ၅ | လုပ်ငန်းအကောင်အထည်ဖော်နိုင်မှုဆိုင်ရာ တင်ပြချက် | ၈-၁၇ |
| ၆ | အခွန်အယူခံခုံအဖွဲ့၏ ဆောင်ရွက်ချက်များ | ၁၇-၁၉ |
| ၇ | နိဂုံး | ၁၉ |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# အခွန်အယူခံခုံအဖွဲ့

## ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် အခွန်အယူခံဆိုင်ရာ ကြားနာမှုများနှင့် စပ်လျဉ်း၍ အစီရင်ခံတင်ပြခြင်း

### နိဒါန်း

၁။ အခွန်အယူခံခြင်းလုပ်ငန်းကို ၁၉၅၄ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံအမြတ်ခွန်အက်ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ(က)အရ အမြတ်ခွန်အယူခံခုံရုံးကို ဖွဲ့စည်းပြီး အမြတ်ခွန်ဆိုင်ရာအယူခံမှု တစ်မျိုးတည်းကိုသာ စစ်ဆေးခဲ့ပါသည်။ ၁၉၇၂ ခုနှစ်တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၃-၁၀-၁၉၇၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၂၀)အရ ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင် (၄)ဦး ပါဝင်သော အခွန်အယူခံခုံအဖွဲ့ကို ဖွဲ့စည်းပြီး အမြတ်ခွန်အယူခံမှုသာမက အကောက်ခွန်၊ ယစ်မျိုးခွန်၊ တံဆိပ်ခေါင်းခွန်ဆိုင်ရာအယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှု၊ တရားရုံးချုပ်သို့ လွှဲအပ်မှုများ ကြားနာစီရင်ဆုံးဖြတ်ခဲ့ပြီး အမြတ်ခွန်အယူခံရုံးအား အခွန်အယူခံခုံအဖွဲ့ရုံးအဖြစ် ပြောင်းလဲ ဖွဲ့စည်းခဲ့ပါသည်။

၂။ ၁၉၇၆ ခုနှစ်တွင် ဝန်ကြီးအဖွဲ့၏ ၁၁-၁၂-၁၉၇၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၂) ဖြင့်လည်းကောင်း၊ ၁၉၈၉ ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ ၂၈-၇-၁၉၈၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆/၈၉) ဖြင့်လည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၃၁-၅-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၅၄/၂၀၁၇) ဖြင့်လည်းကောင်း အခွန်အယူခံခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်၍ အခွန်အယူခံအမှုများကို ကြားနာစစ်ဆေးစီရင်ခဲ့ပါသည်။

၃။ အစိုးရအဆက်ဆက်တွင် အခွန်အယူခံခုံအဖွဲ့ကို အမိန့်ကြော်ငြာစာများ ထုတ်ပြန်ဖွဲ့စည်း ပေးခဲ့ရာမှ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ဇယား(၁)၊ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် အခွန်အယူခံခြင်းဟူ၍ ထည့်သွင်းပြဋ္ဌာန်းထားသည်နှင့်အညီ ၂၀၁၃ ခုနှစ်တွင် အခွန်အယူခံခုံအဖွဲ့ ဥပဒေမူကြမ်းကို စတင်ရေးဆွဲခဲ့ပြီး ဥပဒေပြဋ္ဌာန်းနိုင်ရေး တင်ပြဆောင်ရွက်ခဲ့ရာ ၁-၈-၂၀၁၈

ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၃ ဖြင့် အခွန်အယူခံခုံအဖွဲ့ဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ပါသည်။

၄။ အခွန်အယူခံခုံအဖွဲ့ဥပဒေပုဒ်မ ၄၂၊ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်အရ အခွန်အယူခံခုံအဖွဲ့နည်းဥပဒေများကို ၂၀၁၉ ခုနှစ်တွင်လည်းကောင်း၊ အခွန်အယူခံခုံအဖွဲ့နည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများအား ၂၀၂၁ ခုနှစ်တွင်လည်းကောင်း အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

## ခုံအဖွဲ့ ဖွဲ့စည်းခြင်း

၅။ အခွန်အယူခံခုံအဖွဲ့ဥပဒေအရ ပြည်ထောင်စုအစိုးရအဖွဲ့က ၂၀၂၀ ပြည့်နှစ်တွင် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်(၈)ဦးဖြင့် အခွန်အယူခံခုံအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင် (၇) ဦး ပါဝင်သော အောက်ဖော်ပြပါ အခွန်အယူခံခုံအဖွဲ့ကို အစားထိုးဖြည့်စွက် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့၍ ယင်းအခွန်အယူခံခုံအဖွဲ့က အစီရင်ခံတင်ပြသည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် အခွန်အယူခံခုံအဖွဲ့ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ငန်းတာဝန်များကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည် -

| | | |
|---|---|---|
| (က) | ဦးမြင့်ဦး | ဥက္ကဋ္ဌ |
| (ခ) | ဦးကျော်ကျော် | အဖွဲ့ဝင် |
| (ဂ) | ဦးဇေယျကြည်ညွန့် | အဖွဲ့ဝင် |
| (ဃ) | ဒေါ်ရီရီမြင့် | အဖွဲ့ဝင် |
| (င) | ဦးဝင်းနိုင် | အဖွဲ့ဝင် |
| (စ) | ဦးဝင်းတင် | အဖွဲ့ဝင် |
| (ဆ) | ဦးကြည် | အဖွဲ့ဝင် |

## အစီရင်ခံစာ တင်ပြရခြင်း ရည်ရွယ်ချက်

၆။ အခွန်အယူခံခုံအဖွဲ့ဥပဒေ ပုဒ်မ ၃၀ တွင် "ဥက္ကဋ္ဌသည် အခွန်နှစ် တစ်နှစ် ပြီးဆုံးသည့်အခါတိုင်း လုပ်ဆောင်ခဲ့သည့် ကြားနာမှုများနှင့် ပတ်သက်၍ ရက်ပေါင်း ၉၀ အတွင်း အစိုးရအဖွဲ့သို့ တင်ပြရမည်။ ထို့အပြင် အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာရမည်"ဟု ပြဋ္ဌာန်းထားသည်နှင့်အညီ တင်ပြရခြင်း ဖြစ်ပါသည်။

## လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု

၇။ ယခင်ဘဏ္ဍာရေးနှစ်ဖြစ်သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်လက်ကျန်ဆောင်ရွက်ရန် အမှုမှာ (၁၁)မှု၊အစီရင်ခံတင်ပြသည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း တင်သွင်းလျှောက်ထားလာသည့် အမှု (၃၀)မှု ဖြစ်ပါသဖြင့် ဆောင်ရွက်ရန်အမှုမှာ စုစုပေါင်း(၄၁)မှု ဖြစ်ပါသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း (၃၆)မှုကို စီရင်ဆုံးဖြတ်ပေးနိုင်ခဲ့သဖြင့် အကောင်အထည်ဖော်နိုင်မှုမှာ (၈၈) ရာခိုင်နှုန်း ဖြစ်ပါသည်။ ဆောင်ရွက်ရန် ကျန်ရှိသည့်အမှုမှာ (၅)မှု ဖြစ်ပါသည်။

### ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် လုပ်ငန်းအကောင်အထည်ဖော်နိုင်မှုအခြေအနေ

### (၁-၄-၂၀၂၃ ရက်နေ့မှ ၃၁-၃-၂၀၂၄ ရက်နေ့ထိ)

| စဉ် | အမှုအမျိုးအစား | | ယခင်နှစ်လက်ကျန် | (အစီရင်ခံသည့်ကာလ) နှစ်အတွင်း တင်သွင်းလာသောအမှု | စုစုပေါင်း | စီရင်ချက်ချမှတ်ပြီးစီးမှု | ဆောင်ရွက်ဆဲ / ဆောင်ရွက်ရန်ကျန် | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | စီရင်ချက်ချမှတ်ရန်ကျန်အမှု | ကြားနာဆဲအမှု | ကြားနာရန်ကျန်ရှိအမှု | စုစုပေါင်း |
| ၁ | အကောက်ခွန် | အယူခံမှု | ၁၁ | ၂၆ | ၃၇ | ၃၃ | ၁ | - | ၃ | ၄ |
| | | ပြင်ဆင်မှု | - | - | - | - | - | - | - | - |
| | | ပြန်လည်သုံးသပ်မှု | - | - | - | - | - | - | - | - |
| | | လွှဲအပ်မှု | - | - | - | - | - | - | - | - |
| | | **စုစုပေါင်း** | ၁၁ | ၂၆ | ၃၇ | ၃၃ | ၁ | - | ၃ | ၄ |
| ၂ | ဝင်ငွေခွန် | အယူခံမှု | - | ၃ | ၃ | ၂ | - | - | ၁ | ၁ |
| | | ပြင်ဆင်မှု | - | - | - | - | - | - | - | - |
| | | ပြန်လည်သုံးသပ်မှု | - | - | - | - | - | - | - | - |
| | | လွှဲအပ်မှု | - | - | - | - | - | - | - | - |
| | | **စုစုပေါင်း** | - | ၃ | ၃ | ၂ | - | - | ၁ | ၁ |
| ၃ | ကုန်သွယ်လုပ်ငန်းခွန် | အယူခံမှု | - | ၁ | ၁ | ၁ | - | - | - | - |
| | | ပြင်ဆင်မှု | - | - | - | - | - | - | - | - |
| | | ပြန်လည်သုံးသပ်မှု | - | - | - | - | - | - | - | - |
| | | လွှဲအပ်မှု | - | - | - | - | - | - | - | - |
| | | **စုစုပေါင်း** | - | ၁ | ၁ | ၁ | - | - | - | - |
| **စုစုပေါင်း** | | | ၁၁ | ၃၀ | ၄၁ | ၃၆ | ၁ | - | ၄ | ၅ |

## ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် လုပ်ငန်းအကောင်အထည်ဖော်နိုင်မှုအခြေအနေ

## (အမှုအမျိုးအစားအလိုက်)


| အမှု အမျိုးအစား | ယခင်နှစ် လက်ကျန် | နှစ်အတွင်း တင်သွင်းလာသည့်အမှု | စုစု ပေါင်း | ဆောင်ရွက်ပြီးစီးမှု | | ဆောင်ရွက်ရန် ကျန်ရှိသော အမှု |
|---|---|---|---|---|---|---|
| | | | | အမှု | ရာခိုင်နှုန်း | |
| အယူခံမှု | ၁၁ | ၃၀ | **၄၁** | ၃၆ | ၈၈ % | ၅ |
| ပြင်ဆင်မှု | - | - | **-** | - | - | - |
| ပြန်လည်သုံးသပ်မှု | - | - | **-** | - | - | - |
| လွှဲအပ်မှု | - | - | **-** | - | - | - |
| **စုစုပေါင်း** | **၁၁** | **၃၀** | **၄၁** | **၃၆** | **၈၈ %** | **၅** |

## ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် လုပ်ငန်းအကောင်အထည်ဖော်နိုင်မှုအခြေအနေ


## (အခွန်အမျိုးအစားအလိုက်)

| အခွန် အမျိုးအစား | ယခင်နှစ် လက်ကျန် | နှစ်အတွင်း တင်သွင်းလာသည့်အမှု | စုစု ပေါင်း | ဆောင်ရွက်ပြီးစီးမှု | | ဆောင်ရွက်ရန် ကျန်ရှိသော အမှု |
|---|---|---|---|---|---|---|
| | | | | အမှု | ရာခိုင်နှုန်း | |
| အကောက်ခွန် | ၁၁ | ၂၆ | **၃၇** | ၃၃ | ၈၉ % | ၄ |
| ဝင်ငွေခွန် | - | ၃ | **၃** | ၂ | ၆၇ % | ၁ |
| ကုန်သွယ်လုပ်ငန်းခွန် | - | ၁ | **၁** | ၁ | ၁၀၀ % | - |
| **စုစုပေါင်း** | **၁၁** | **၃၀** | **၄၁** | **၃၆** | **၈၈ %** | **၅** |

၈။ **ဆောင်ရွက်ရန်အခြေအနေ။** ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ဆောင်ရွက်ရန် အမှုမှာ(၄၁)မှု ဖြစ်ပါသည်။ အခွန်အယူခံခုံအဖွဲ့ဥပဒေအရ အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှု နှင့် လွှဲအပ်မှုများ တင်သွင်းလျှောက်ထားနိုင်သော်လည်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် အယူခံမှု များသာ တင်သွင်းလျှောက်ထားခဲ့သည့်အတွက် အမှုအမျိုးအစားအလိုက် ပါဝင်မှုအခြေအနေမှာ အောက်ဖော်ပြပါအတိုင်း အယူခံမှု ၁၀၀ ရာခိုင်နှုန်း ဖြစ်ပါသည် -





၉။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ဆောင်ရွက်ရန် အမှု (၄၁) မှုတွင် အခွန်အမျိုးအစား အလိုက် ပါဝင်မှုအခြေအနေမှာ အောက်ဖော်ပြပါအတိုင်း အကောက်ခွန်အမှု ၉၀ ရာခိုင်နှုန်း၊ ဝင်ငွေခွန်အမှု ၇ ရာခိုင်နှုန်းနှင့် ကုန်သွယ်လုပ်ငန်းခွန်အမှု ၃ ရာခိုင်နှုန်းဖြစ်ပါသည်-





၁၀။ အစီရင်ခံတင်ပြသည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေနှင့် ကာလတူ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းအကောင် အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေတို့ကိုရာခိုင်နှုန်းဖြင့် အောက်ပါအတိုင်း နှိုင်းယှဉ် ဖော်ပြ အပ်ပါသည်-


| အခွန်အမျိုးအစား | အမှု အမျိုးအစား | ဆောင်ရွက်ရန် | | ဆောင်ရွက်ပြီး | | အကောင်အထည် ဖော်နိုင်မှု ရာခိုင်နှုန်း | |
|---|---|---|---|---|---|---|---|
| | | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် | ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် | ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် | ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် |
| **အကောက်ခွန်** | အယူခံမှု | ၄၄ | ၃၇ | ၃၃ | ၃၃ | ၇၅ % | ၈၉ % |
| | ပြင်ဆင်မှု | - | - | - | - | - | - |
| | ပြန်လည် သုံးသပ်မှု | ၁၇ | - | ၁၇ | - | ၁၀၀ % | - |
| | လွှဲအပ်မှု | ၆ | - | ၆ | - | ၁၀၀ % | - |
| | **စုစုပေါင်း** | **၆၇** | **၃၇** | **၅၆** | **၃၃** | **၈၄ %** | **၈၉ %** |
| **ဝင်ငွေခွန်** | အယူခံမှု | ၁၅ | ၃ | ၁၅ | ၂ | ၁၀၀ % | ၆၇ % |
| | ပြင်ဆင်မှု | - | - | - | - | - | - |
| | ပြန်လည် သုံးသပ်မှု | - | - | - | - | - | - |
| | လွှဲအပ်မှု | ၅ | - | ၅ | - | ၁၀၀ % | - |
| | **စုစုပေါင်း** | **၂၀** | **၃** | **၂၀** | **၂** | **၁၀၀ %** | **၆၇ %** |
| **ကုန်သွယ်လုပ်ငန်းခွန်** | အယူခံမှု | ၆ | ၁ | ၆ | ၁ | ၁၀၀ % | ၁၀၀ % |
| | ပြင်ဆင်မှု | - | - | - | - | - | - |
| | ပြန်လည် သုံးသပ်မှု | - | - | - | - | - | - |
| | လွှဲအပ်မှု | - | - | - | - | - | - |
| | **စုစုပေါင်း** | **၆** | **၁** | **၆** | **၁** | **၁၀၀ %** | **၁၀၀ %** |
| **စုစုပေါင်း** | အယူခံမှု | ၆၅ | ၄၁ | ၅၄ | ၃၆ | ၈၃ % | ၈၈ % |
| | ပြင်ဆင်မှု | - | - | - | - | - | - |
| | ပြန်လည် သုံးသပ်မှု | ၁၇ | - | ၁၇ | - | ၁၀၀ % | - |
| | လွှဲအပ်မှု | ၁၁ | - | ၁၁ | - | ၁၀၀ % | - |
| | | **၉၃** | **၄၁** | **၈၂** | **၃၆** | **၈၈ %** | **၈၈ %** |

၁၁။ အစီရင်ခံတင်ပြသည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေနှင့် ကာလတူ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းအကောင် အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများကို အမှုအမျိုးအစားအလိုက် လည်းကောင်း၊ အခွန် အမျိုးအစားအလိုက် လည်းကောင်း၊ အောက်ပါအတိုင်း ဂရပ်ပုံများဖြင့် နှိုင်းယှဉ်ဖော်ပြအပ်ပါသည်-



၁၂။ အမှုများအား လက်ခံကြားနာဆုံးဖြတ်နိုင်ရန် လျှောက်ထားသူ၏ လျှောက်ထားချက် (အဆိုလွှာ) အား ပြည့်စုံမှု ရှိ မရှိ စိစစ်ပြီးနောက် လျှောက်ထားချက်ပါ အကြောင်းပြချက်များကို လျှောက်ထားခံရသူထံပေးပို့၍ ချေပလွှာ (ချေလွှာ)များကို သတ်မှတ်ရက်အတွင်း ပြန်လည်တင်ပြရန် အကြောင်းကြားဆောင်ရွက်ရပါသည်။ ချေလွှာရရှိပြီးမှသာ အမှုနှင့်စပ်လျဉ်း၍ နှစ်ဖက်ကြားနာဆုံးဖြတ်ဆောင်ရွက်ရခြင်းဖြစ်ပါသည်။

၁၃။ သို့ပါ၍ ၂၀၂၄ ခုနှစ်၊ မတ်လကုန်တွင် ခုံအဖွဲ့က စစ်ဆေးကြားနာပြီးစီး၍ စီရင်ချက်ချမှတ်ရန် ကျန်ရှိသောအမှု (၁)မှု၊ ချေလွှာရရှိပြီး ကြားနာရန်ကျန်ရှိနေသေးသည့် အမှု(၁)မှုနှင့် ချေလွှာမရရှိသေးသည့် အမှု (၃)မှု၊ စုစုပေါင်း(၅)မှုကျန်ရှိပါသည်။

## လုပ်ငန်းအကောင်အထည်ဖော်နိုင်မှုဆိုင်ရာတင်ပြချက်

၁၄။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း တင်သွင်းလျှောက်ထားလာသည့် အမှုများနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း စိစစ်တင်ပြအပ်ပါသည်-

(က) တင်သွင်းလျှောက်ထားလာသည့် အမှုများအပေါ် အခွန်အမျိုးအစားအလိုက် ခွဲခြား စိစစ်သည့်အခါ-

(၁) အကောက်ခွန်အမှုများနှင့် စပ်လျဉ်း၍ ပိတ်ပင်တားမြစ်ကုန်ပစ္စည်းများ၊ ကန့်သတ်ထိန်းချုပ် ကုန်ပစ္စည်းများ၊ သွင်းကုန်လိုင်စင် တင်ပြနိုင်ခြင်းမရှိသော ကုန်ပစ္စည်းများ၊ သွင်းကုန်လိုင်စင်၊ သွင်းကုန်ကြေညာလွှာများနှင့် ကွဲလွဲ၍ တင်သွင်းလာခြင်းကြောင့် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့သည့် ကုန်ပစ္စည်းများ၊ သွင်းကုန်လိုင်စင်အတု၊ သွင်းကုန်ကြေညာလွှာအတုတို့ဖြင့် တင်သွင်းလာခြင်းကြောင့် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့သည့် ကုန်ပစ္စည်းများ၊ အကောက်ခွန်မဲ့တင်သွင်းလာသည့်အတွက် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့သည့်ကုန်ပစ္စည်းများ၊ သယ်ဆောင်ခွင့်မပြုရန် တားမြစ်ထားသည့် မြို့နယ်

များသို့ သယ်ဆောင်ခဲ့သည့်အတွက် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့သည့် ကုန်ပစ္စည်းများ၊ ယင်းပစ္စည်းများကို သယ်ဆောင်သည့် မော်တော်ယာဉ်များကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းနှင့်စပ်လျဉ်းပြီး ဒဏ်ကြေးငွေပေးဆောင်၍ ပြန်လည်ရယူလိုသည့်အတွက် လည်းကောင်း၊ ကုန်ပစ္စည်းများကို ရွေးယူဒဏ်ငွေဖြင့် ရွေးယူခွင့်ပြုခဲ့သော်လည်း ဒဏ်ငွေပမာဏ များပြားနေသည့်အတွက် လျှော့ပေါ့ပြင်ဆင် သတ်မှတ်ပေးရန်အတွက် လည်းကောင်း လျှောက်ထားတင်သွင်းလာသည့်အယူခံမှုများမှာအမှုများ၏ ၉၀ ရာခိုင်နှုန်းခန့် ပါဝင်ပါသည်။

(၂) ပြည်တွင်းအခွန်များဦးစီးဌာနမှ စည်းကြပ်သည့်အမိန့်များနှင့် ဒဏ်ကြေးငွေများ တပ်ရိုက်ခဲ့သည့်အပေါ် ပြည်တွင်းကုမ္ပဏီများမှ အယူခံ တင်သွင်းလာသော ဝင်ငွေခွန်အမှုများမှာ ၇ ရာခိုင်နှုန်းနှင့် ကုန်သွယ်လုပ်ငန်းခွန်အမှုမှာ ၃ ရာခိုင်နှုန်း ဖြင့် စုစုပေါင်း ၁၀ ရာခိုင်နှုန်း ပါဝင်ပါသည်။

(ခ) အစီရင်ခံသည့်ကာလဖြစ်သည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရန်အမှု ၄၁ မှုအနက် ၃၆ မှုကို စီရင်ဆုံးဖြတ်ပေးနိုင်ခဲ့ပြီး အကောင်အထည် ဖော်နိုင်မှုမှာ (၈၈) ရာခိုင်နှုန်း ဖြစ်ပါသည်။

၁၅။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း စစ်ဆေးကြားနာစီရင်ဆုံးဖြတ်ခဲ့သည့် အမှု(၃၆)မှုတွင် အကောက်ခွန်ဆိုင်ရာ အမှု(၃၃)မှုပါဝင်ပြီး အမှုတင်သွင်း လျှောက်ထားရသည့် အကြောင်းအရင်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) သွင်းကုန်လိုင်စင် (IL) တင်ပြနိုင်ခြင်းမရှိဘဲ တရားမဝင် တင်သွင်းလာသည့် Excavator and Bulldozer Spare Parts Sprocket Part များအား ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခဲ့သည့်အမှု(၁) မှု၊

(ခ) သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော၊ ကွဲလွဲပါရှိလာသော၊ သွင်းကုန်လိုင်စင် တင်ပြနိုင်ခြင်းမရှိသည့် အလုပ်ကုန်ပစ္စည်းများ၊ Plastics Bag နှင့် Plastics Resin Dowlex များအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့သည့်အမှု(၃)မှု၊

(ဂ) တရားဝင်တင်သွင်းခွင့် အထောက်အထား၊ စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိသော အိမ်သုတ်ဆေးနှင့် ဆက်စပ်ပစ္စည်းများအား ပြည်သူ့ဘဏ္ဍာ အဖြစ်သိမ်းဆည်းခဲ့သည့် အမှု(၃)မှု၊

(ဃ) သွင်းကုန်လိုင်စင်၊ သွင်းကုန်ကြေညာလွှာတို့တွင် ဖော်ပြထားချက်နှင့် ကွဲလွဲနေသည့်အတွက် တင်သွင်းလာသော KIA Spare Parts နှင့် Car Body Fit များအား ရွေးယူဒဏ်ငွေဖြင့် ရွေးယူခွင့်ပြုခဲ့သော်လည်း ဒဏ်ငွေပမာဏ များပြားနေသည့်အတွက် လျှော့ပေါ့ပြင်ဆင် သတ်မှတ်ပေးရန် လျှောက်ထားသည့်အမှု (၁)မှု၊

(င) တရားဝင်တင်သွင်းခွင့် အထောက်အထား စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိဘဲ သွင်းကုန်လိုင်စင်အတု၊ သွင်းကုန်ကြေညာလွှာအတု၊ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားအတုတို့ဖြင့် တင်သွင်းလာသော Prepainted Galvanized Iron Sheet In Coil များအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့သည့် အမှု(၅)မှု၊

(စ) သီလဝါအထူးစီးပွားရေးဇုန်တွင် လုပ်ငန်းလုပ်ကိုင်ခွင့်မရှိသည့် ကုမ္ပဏီမှ လုပ်ငန်းလုပ်ကိုင်ခွင့်ရှိသည့် ကုမ္ပဏီ၏အမည်ကို အသုံးပြု၍ သွင်းကုန်ကြေညာလွှာ ဖွင့်လှစ်ကာ တရားမဝင်တင်သွင်းရန် ကြံရွယ်လျက် တင်သွင်းလာသော Prepainted Galvanized Iron Sheet In Coil များအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့သည့် အမှု(၁)မှု၊

(ဆ) ၂၀၂၃ ခုနှစ် (၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ တင်ဒါအောင်မြင်သူထံမှ တစ်ဆင့်ဝယ်ယူခဲ့သော ကျောက်စိမ်းအရိုင်းတုံးကို သတ္တုတွင်းဝန်ကြီးဌာန၏

အမိန့်ကြော်ငြာစာအမှတ် (၁၁/၉၇)အရ သယ်ဆောင်ခွင့်မပြုရန် တားမြစ်ထားသည့် တာချီလိတ်မြို့နယ်သို့ တရားမဝင်သယ်ဆောင်ခဲ့သည့်အတွက် ကျောက်စိမ်း အရိုင်းတုံးအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့သည့်အမှု (၁)မှု၊

(ဇ) တရားဝင်တင်သွင်းခွင့် အထောက်အထား၊ စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိသော ပိတ်ပင်တားမြစ်ကုန်ပစ္စည်းများဖြစ်သည့် တရုတ်နိုင်ငံထုတ် ကျည်ကာအင်္ကျီ (ပြောက်ကျားပုံစံ) အပါအဝင် စစ်အသုံးအဆောင်ပစ္စည်းများအား သယ်ဆောင် ရာတွင် အသုံးပြုခဲ့သည့်မော်တော်ယာဉ်နှင့်နောက်တွဲယာဉ်အား ပြည်သူ့ဘဏ္ဍာ အဖြစ်သိမ်းဆည်းခဲ့သည့်အမှု(၂)မှု၊

(ဈ) တရားဝင်တင်ပို့ခွင့်၊ သယ်ဆောင်ခွင့် အထောက်အထား စာရွက်စာတမ်းများ တင်ပြ နိုင်ခြင်းမရှိသည့် ပိတ်ပင်တားမြစ်ကုန်ပစ္စည်းဖြစ်သော ကျောက်စိမ်းများအား သယ်ဆောင်လာသည့် ခရီးသည်တင်ယာဉ်များနှင့် (၆)ဘီး၊ (၁၂)ဘီး ကုန်တင်ယာဉ် များအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့သည့်အမှု (၄)မှု၊

(ည) ပြည်ပမှတင်သွင်းရန် တားမြစ်ပိတ်ပင် ကန့်သတ်ထားသော ဘီယာ၊ စီးကရက်၊ အရက်၊ ဝိုင် နှင့် စားသောက်ကုန်များအား သယ်ဆောင်လာသည့် ခရီးသည်တင် ယာဉ်များနှင့် (၆)ဘီး၊ (၁၂)ဘီး ကုန်တင်ယာဉ်များအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့သည့်အမှု (၁၂)မှု၊

၁၆။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း စစ်ဆေးကြားနာ စီရင်ဆုံးဖြတ်ခဲ့သည့် အမှု(၃၆)မှုတွင် ပြည်တွင်းအခွန်များဦးစီးဌာနနှင့် သက်ဆိုင်သည့်အမှု (၃)မှု ပါဝင်ပြီး အမှုတင်သွင်း လျှောက်ထား ရသည့် အကြောင်းအရင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပြေစာပေါ်တွင် အခွန်တံဆိပ်ခေါင်း ကပ်နှိပ်ရန် ပျက်ကွက်ခဲ့သည့်အတွက် ကုန်သွယ် လုပ်ငန်းခွန်ဥပဒေအရ ဒဏ်ကြေးငွေတပ်ရိုက်ခဲ့သည့်အပေါ် လျှောက်ထားသည့် ကုန်သွယ်လုပ်ငန်းခွန် အယူခံမှု (၁)မှု၊

(ခ) လုပ်ငန်း၏ အမည်ကောင်းတန်ဖိုး (Goodwill) ဝယ်ယူခြင်းနှင့် Office 365 EntE3 System ဝယ်ယူတပ်ဆင်ခြင်းတို့အတွက် တန်ဖိုးလျော့ လျာထားခြင်းအား လုပ်ငန်း၏ စရိတ်အဖြစ် ခွင့်ပြုခဲ့ခြင်းမရှိဘဲ ဝင်ငွေခွန်ဥပဒေအရ ထပ်ဆောင်းဝင်ငွေခွန်နှင့် ဒဏ်ကြေးငွေတပ်ရိုက်ခဲ့သည့်အပေါ် လျှောက်ထားသည့် ဝင်ငွေခွန်အယူခံမှု (၂)မှု၊

၁၇။ အခွန်အယူခံခုံအဖွဲ့အနေဖြင့် စတင်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည့် ၂၂-၆-၂၀၂၀ ရက်နေ့မှ အစီရင်ခံသည့်ကာလဖြစ်သည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်ကာလအထိနှစ်အလိုက် ဆောင်ရွက်ရန် အမှုများအပေါ် စီရင်ချက်အမိန့် ချမှတ်ပြီးသည်အထိ အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်းမှာ အောက်ပါအတိုင်း တစ်နှစ်ထက်တစ်နှစ် တိုးတက်လျက်ရှိပြီး ယခုဘဏ္ဍာနှစ် လုပ်ငန်း ဆောင်ရွက်နိုင်မှု အခြေအနေမှာလည်း ယခင်နှစ်ပမာဏအတိုင်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း တင်ပြ အပ်ပါသည်-

**နှစ်အလိုက် စီရင်ချက်ချမှတ်ပြီးသည်အထိ လုပ်ငန်းဆောင်ရွက်နိုင်မှု**

| ဘဏ္ဍာနှစ် | ဆောင်ရွက်ရန် | ဆောင်ရွက်ပြီး | အကောင်အထည်ဖော်မှု |
|---|---|---|---|
| ၂၀၁၉-၂၀၂၀ | ၅၅ | ၁၀ | ၁၈ % |
| ၂၀၂၀-၂၀၂၁ | ၉၃ | ၄၃ | ၄၆ % |
| ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ (ခြောက်လ) | ၆၅ | ၃၇ | ၅၇ % |
| ၂၀၂၂-၂၀၂၃ | ၉၃ | ၈၂ | ၈၈ % |
| ၂၀၂၃-၂၀၂၄ | ၄၁ | ၃၆ | ၈၈ % |

၁၈။ အစီရင်ခံသည့်ကာလဖြစ်သည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း စီရင်ချက်ချမှတ်ပြီးစီးသည့် အမှုများတွင် မူလဆုံးဖြတ်ချက်အမိန့်ကို အတည်ပြုပြီး လျှောက်ထားချက်ကို ပလပ်ကြောင်း ဆုံးဖြတ်ခဲ့သည့် အမှု (၃၃) မှု နှင့် မူလဆုံးဖြတ်ချက်အမိန့်ကို ပြင်ဆင်ကြောင်း ချမှတ်ခဲ့သည့်အမှု (၃)မှု၊ စုစုပေါင်း (၃၆) မှု ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

၁၉။ အစီရင်ခံသည့်ကာလဖြစ်သည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးသည့် အမှုများအလိုက် စီရင်ဆုံးဖြတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အမှုအမျိုးအစား | အမှုအမှတ် | လျှောက်ထားသူအမည် | အမိန့်ချရက်စွဲ | အမိန့် |
|---|---|---|---|---|---|
| ၁ | အကောက်ခွန် အယူခံမှု | ၂၉/၂၀၂၂ | ယုံတင်းကုမ္ပဏီ လီမိတက် | ၂၇-၄-၂၀၂၃ | မူလအမိန့်ကို အတည်ပြု၍ အယူခံလွှာကို ပလပ်လိုက်သည်။ |
| ၂ | အကောက်ခွန် အယူခံမှု | ၃၀/၂၀၂၂ | ယုံတင်းကုမ္ပဏီ လီမိတက် | ၂၇-၄-၂၀၂၃ | မူလအမိန့်ကို အတည်ပြု၍ အယူခံလွှာကို ပလပ်လိုက်သည်။ |
| ၃ | အကောက်ခွန် အယူခံမှု | ၃၁/၂၀၂၂ | ယုံတင်းကုမ္ပဏီ လီမိတက် | ၂၇-၄-၂၀၂၃ | မူလအမိန့်ကို အတည်ပြု၍ အယူခံလွှာကို ပလပ်လိုက်သည်။ |
| ၄ | အကောက်ခွန် အယူခံမှု | ၁/၂၀၂၃ | ဒေါ်ဝမ်ရှောက်တီ | ၂၇-၄-၂၀၂၃ | မူလအမိန့်ကို အတည်ပြု၍ အယူခံလွှာကို ပလပ်လိုက်သည်။ |
| ၅ | အကောက်ခွန် အယူခံမှု | ၂/၂၀၂၃ | ဦးခင်မောင်ချစ် | ၂၈-၆-၂၀၂၃ | မူလအမိန့်ကိုအတည်ပြု၍ အယူခံလွှာကိုပလပ်လိုက်သည်။ |
| ၆ | အကောက်ခွန် အယူခံမှု | ၃/၂၀၂၃ | Dynamic Industry Co., Ltd | ၂၈-၆-၂၀၂၃ | မူလအမိန့်ကို အတည်ပြု၍ အယူခံလွှာကို ပလပ်လိုက်သည်။ |
| ၇ | အကောက်ခွန် အယူခံမှု | ၄/၂၀၂၃ | ဦးစိုးသီဟ | ၂၈-၆-၂၀၂၃ | မူလအမိန့်ကို အတည်ပြု၍ အယူခံလွှာကို ပလပ်လိုက်သည်။ |
| ၈ | အကောက်ခွန် အယူခံမှု | ၅/၂၀၂၃ | ဦးခွန်ဘဦး | ၂၈-၆-၂၀၂၃ | မူလအမိန့်ကို အတည်ပြု၍ အယူခံလွှာကို ပလပ်လိုက်သည်။ |
| ၉ | အကောက်ခွန် အယူခံမှု | ၆/၂၀၂၃ | ဒေါ်ကြေးမုံထွန်း | ၂၈-၆-၂၀၂၃ | မူလအမိန့်ကို အတည်ပြု၍ အယူခံလွှာကို ပလပ်လိုက်သည်။ |
| ၁၀ | အကောက်ခွန် အယူခံမှု | ၇/၂၀၂၃ | ဦးထွန်းထွန်းခိုင် | ၂၈-၆-၂၀၂၃ | မူလအမိန့်ကိုအတည်ပြု၍ အယူခံလွှာကိုပလပ်လိုက်သည်။ |
| ၁၁ | အကောက်ခွန် အယူခံမှု | ၈/၂၀၂၃ | ဦးသက်ကျော်ဦး | ၂၈-၆-၂၀၂၃ | မူလအမိန့်ကို အတည်ပြု၍ အယူခံလွှာကို ပလပ်လိုက်သည်။ |
| ၁၂ | အကောက်ခွန် အယူခံမှု | ၂၇/၂၀၂၂ | ဒေါ်ပြုံးပြုံးဝင်း | ၃၁-၈-၂၀၂၃ | မူလအမိန့်ကို အတည်ပြု၍ အယူခံလွှာကို ပလပ်လိုက်သည်။ |

| စဉ် | အမှုအမျိုးအစား | အမှုအမှတ် | လျှောက်ထားသူ အမည် | အမိန့်ချရက်စွဲ | အမိန့် |
|---|---|---|---|---|---|
| ၁၃ | အကောက်ခွန် အယူခံမှု | ၉/၂၀၂၃ | ဒေါ်နန်းခင်ထွေးရီ | ၃၁-၈-၂၀၂၃ | မူလအမိန့်ကို အတည်ပြု၍ အယူခံလွှာကို ပလပ်လိုက်သည်။ |
| ၁၄ | အကောက်ခွန် အယူခံမှု | ၁၀/၂၀၂၃ | ဦးဝေယံကျော် | ၁၀-၁၀-၂၀၂၃ | မူလအမိန့်ကို အတည်ပြု၍ အယူခံလွှာကို ပလပ်လိုက်သည်။ |
| ၁၅ | အကောက်ခွန် အယူခံမှု | ၁၁/၂၀၂၃ | ဦးစောထွန်းသက်ဝေ | ၁၀-၁၀-၂၀၂၃ | မူလအမိန့်ကို အတည်ပြု၍ အယူခံလွှာကို ပလပ်လိုက်သည်။ |
| ၁၆ | အကောက်ခွန် အယူခံမှု | ၁၂/၂၀၂၃ | ဦးသိန်းထွန်း | ၁၀-၁၀-၂၀၂၃ | မူလအမိန့်ကို အတည်ပြု၍ အယူခံလွှာကို ပလပ်လိုက်သည်။ |
| ၁၇ | အကောက်ခွန် အယူခံမှု | ၁၃/၂၀၂၃ | ဦးညွန့်ဝင်း | ၂၄-၁၀-၂၀၂၃ | မူလအမိန့်ကို အတည်ပြု၍ အယူခံလွှာကို ပလပ်လိုက်သည်။ |
| ၁၈ | အကောက်ခွန် အယူခံမှု | ၁၄/၂၀၂၃ | ဦးအောင်ကျော်ထက် | ၃၀-၁၁-၂၀၂၃ | မူလအမိန့်ကို အတည်ပြု၍ အယူခံလွှာကို ပလပ်လိုက်သည်။ |
| ၁၉ | အကောက်ခွန် အယူခံမှု | ၁၅/၂၀၂၃ | Myint Moh Trading Co., Ltd | ၂၉-၁၂-၂၀၂၃ | မူလအမိန့်ကို အတည်ပြု၍ အယူခံလွှာကို ပလပ်လိုက်သည်။ |
| ၂၀ | အကောက်ခွန် အယူခံမှု | ၁၆/၂၀၂၃ | Myint Moh Trading Co., Ltd | ၂၉-၁၂-၂၀၂၃ | မူလအမိန့်ကို အတည်ပြု၍ အယူခံလွှာကို ပလပ်လိုက်သည်။ |
| ၂၁ | အကောက်ခွန် အယူခံမှု | ၁၇/၂၀၂၃ | Myint Moh Trading Co., Ltd | ၂၉-၁၂-၂၀၂၃ | မူလအမိန့်ကို အတည်ပြု၍ အယူခံလွှာကို ပလပ်လိုက်သည်။ |
| ၂၂ | အကောက်ခွန် အယူခံမှု | ၁၈/၂၀၂၃ | Myint Moh Trading Co., Ltd | ၂၉-၁၂-၂၀၂၃ | မူလအမိန့်ကို အတည်ပြု၍ အယူခံလွှာကို ပလပ်လိုက်သည်။ |
| ၂၃ | အကောက်ခွန် အယူခံမှု | ၁၉/၂၀၂၃ | Myint Moh Trading Co., Ltd | ၂၉-၁၂-၂၀၂၃ | မူလအမိန့်ကို အတည်ပြု၍ အယူခံလွှာကို ပလပ်လိုက်သည်။ |
| ၂၄ | အကောက်ခွန် အယူခံမှု | ၂၀/၂၀၂၃ | Golden Apple Auto Parts | ၂၉-၁၂-၂၀၂၃ | မူလအမိန့်ကို အတည်ပြု၍ အယူခံလွှာကို ပလပ်လိုက်သည်။ |
| ၂၅ | အကောက်ခွန် အယူခံမှု | ၂၁/၂၀၂၃ | AQUA LAND Co., Ltd | ၂၉-၁၂-၂၀၂၃ | မူလအမိန့်ကို အတည်ပြု၍ အယူခံလွှာကိုပလပ်လိုက်သည်။ |
| ၂၆ | အကောက်ခွန် အယူခံမှု | ၂၂/၂၀၂၃ | XING LI International | ၂၉-၁၂-၂၀၂၃ | မူလအမိန့်ကို အတည်ပြု၍ အယူခံလွှာကို ပလပ်လိုက်သည်။ |

| စဉ် | အမှုအမျိုးအစား | အမှုအမှတ် | လျှောက်ထားသူ အမည် | အမိန့်ချရက်စွဲ | အမိန့် |
|---|---|---|---|---|---|
| ၂၇ | အကောက်ခွန် အယူခံမှု | ၂၄/၂၀၂၃ | ဦးအိုက်အောင် | ၂၃-၁-၂၀၂၄ | မူလအမိန့်ကို အတည်ပြု၍ အယူခံလွှာကို ပလပ်လိုက်သည်။ |
| ၂၈ | အကောက်ခွန် အယူခံမှု | ၂၅/၂၀၂၃ | ဦးအိုက်အောင် | ၂၃-၁-၂၀၂၄ | မူလအမိန့်ကို အတည်ပြု၍ အယူခံလွှာကို ပလပ်လိုက်သည်။ |
| ၂၉ | အကောက်ခွန် အယူခံမှု | ၂၃/၂၀၂၃ | ဦးဖြိုးဝေနိုင် | ၂၇-၂-၂၀၂၄ | မူလအမိန့်ကို အတည်ပြု၍ အယူခံလွှာကို ပလပ်လိုက်သည်။ |
| ၃၀ | အကောက်ခွန် အယူခံမှု | ၂၇/၂၀၂၃ | Aung Store & Trading Co., Ltd | ၂၇-၂-၂၀၂၄ | မူလအမိန့်ကိုအတည်ပြု၍ အယူခံလွှာကို ပလပ်လိုက်သည်။ |
| ၃၁ | အကောက်ခွန် အယူခံမှု | ၂၉/၂၀၂၃ | ဦးဝင်းမောင် | ၂၅-၃-၂၀၂၄ | မူလအမိန့်ကို အတည်ပြု၍ အယူခံလွှာကိုပလပ်လိုက်သည်။ |
| ၃၂ | အကောက်ခွန် အယူခံမှု | ၃၀/၂၀၂၃ | ဦးဝင်းမောင် | ၂၅-၃-၂၀၂၄ | မူလအမိန့်ကို အတည်ပြု၍ အယူခံလွှာကို ပလပ်လိုက်သည်။ |
| ၃၃ | အကောက်ခွန် အယူခံမှု | ၂၈/၂၀၂၃ | ဦးရဲဇော်ဦး | ၂၈-၃-၂၀၂၄ | မူလအမိန့်ကို အတည်ပြု၍ အယူခံလွှာကို ပလပ်လိုက်သည်။ |
| ၃၄ | ကုန်သွယ်လုပ်ငန်းခွန် အယူခံမှု | ၁/၂၀၂၃ | ဒေါ်ခင်မေသန်း | ၃၁-၁၀-၂၀၂၃ | ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ၃၁-၃-၂၀၂၃ ရက်စွဲပါ စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်မှု အမှတ် ၆/၂၀၂၃ တွင် ချမှတ်ခဲ့သည့် ပြန်လည်သုံးသပ်မှုအမိန့်ကို ပယ်ဖျက်၍ လျှောက်ထားသူက ညွှန်ကြားရေးမှူးချုပ်ထံ တင်သွင်းခဲ့သော လျှောက်ထားချက်ကို ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များ နှင့်အညီ သုံးသပ်ပြီး ဆုံးဖြတ်ချက် တစ်စုံတစ်ရာ ချမှတ်ရန် ဖြစ်ကြောင်း ပြင်ဆင်အမိန့်ချမှတ်လိုက်သည်။ |

| စဉ် | အမှုအမျိုးအစား | အမှုအမှတ် | လျှောက်ထားသူ အမည် | အမိန့်ချရက်စွဲ | အမိန့် |
|---|---|---|---|---|---|
| ၃၅ | ဝင်ငွေခွန် အယူခံမှု | ၁/၂၀၂၃ | "K" Line Logistics (Myanmar) Ltd | ၃၁-၁၀-၂၀၂၃ | ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ၃၁-၃-၂၀၂၃ ရက်စွဲပါ စီမံအုပ်ချုပ်မှု နည်းလမ်းအရ ပြန်လည်သုံးသပ်မှု အမှတ် ၃/၂၀၂၃ ပြန်လည် သုံးသပ်မှု အမိန့်တွင်ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်ကို ပယ်ဖျက်၍ လျှောက်ထားသူက တင်သွင်းခဲ့ သော စီမံအုပ်ချုပ်မှုနည်းလမ်း အရ ပြန်လည်သုံးသပ်ပေးပါရန်လျှောက် ထားချက်ကို တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်ကြော်ငြာစာများ၊ လုပ်ထုံး လုပ်နည်းများ၊ ညွှန်ကြားချက်များ နှင့်အညီ ညွှန်ကြားရေးမှူးချုပ်က သုံးသပ်ပြီးဆုံးဖြတ်ချက် တစ်စုံ တစ်ရာချမှတ်ရန်ဖြစ်ကြောင်း ပြင်ဆင်အမိန့် ချမှတ်လိုက်သည်။ |
| ၃၆ | ဝင်ငွေခွန် အယူခံမှု | ၂/၂၀၂၃ | "K" Line Logistics (Myanmar) Ltd | ၃၁-၁၀-၂၀၂၃ | ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ၃၁-၃-၂၀၂၃ ရက်စွဲပါ စီမံအုပ်ချုပ်မှု နည်းလမ်းအရ ပြန်လည်သုံးသပ်မှု အမှတ် ၄/၂၀၂၃ ပြန်လည် သုံးသပ်မှု အမိန့်တွင် ချမှတ်ခဲ့ သည့် ဆုံးဖြတ်ချက်ကို ပယ်ဖျက် ၍ လျှောက်ထားသူက တင်သွင်းခဲ့ သော စီမံအုပ်ချုပ်မှု နည်းလမ်းအရ |

| စဉ် | အမှုအမျိုးအစား | အမှုအမှတ် | လျှောက်ထားသူ အမည် | အမိန့်ချရက်စွဲ | အမိန့် |
|---|---|---|---|---|---|
| | | | | | ပြန်လည်သုံးသပ်ပေးပါရန် လျှောက်ထားချက်ကို တည်ဆဲ ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်ကြော်ငြာစာများ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ ညွှန်ကြားရေးမှူးချုပ်က သုံးသပ်ပြီး ဆုံးဖြတ်ချက် တစ်စုံတစ်ရာချမှတ်ရန်ဖြစ်ကြောင်း ပြင်ဆင်အမိန့် ချမှတ်လိုက်သည်။ |

## အခွန်အယူခံခုံအဖွဲ့၏ ဆောင်ရွက်ချက်များ

၂၀။ အခွန်အယူခံခုံအဖွဲ့သည် အခွန်အကောက်ဆိုင်ရာဥပဒေများအရ တင်သွင်းလျှောက်ထားလာသည့် အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှုနှင့် လွှဲအပ်မှုများကို ကြားနာစစ်ဆေး အဆုံးအဖြတ်ပေးရသည့် ခုံအဖွဲ့ဖြစ်သဖြင့် အခြားဦးစီးဌာန၊ လုပ်ငန်းအဖွဲ့အစည်းများကဲ့သို့ စီမံကိန်းလျာထားချက်များ ချမှတ်ဆောင်ရွက်၍ မရနိုင်သော်လည်း ချမှတ်ထားသော မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များအား အခွန်အယူခံခုံအဖွဲ့နှင့် ခုံအဖွဲ့ရုံးဝန်ထမ်းများမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး တင်သွင်းလျှောက်ထားလာသည့် အမှုများအပေါ်တွင် မျှတမှန်ကန်ပြီး လျင်မြန်စွာ အဆုံးအဖြတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

၂၁။ အခွန်အယူခံခုံအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် အခွန်ထမ်းပြည်သူများနှင့် အများပြည်သူများ သိရှိနိုင်စေရန် ရည်ရွယ်ပြီး သတင်းအချက်အလက်နည်းပညာ အသုံးချ၍ အောက်ပါလုပ်ငန်းစဉ်များ ဆောင်ရွက်ပေးလျက်ရှိပါသည်-

(က) Revenue Appellate Tribunal Board အမည်ဖြင့် Facebook Page ဖွင့်လှစ်၍ လုပ်ငန်းဆောင်ရွက်ချက်များအား လွှင့်တင်ဖော်ပြလျက်ရှိခြင်း၊

(ခ) Myanmar National Portal ၌ အခွန်အယူခံခုံအဖွဲ့၏ Page ကို သီးခြား လွတ်လပ်သည့်အဖွဲ့အဖြစ် လွှင့်တင်ထားရှိခြင်း၊

(ဂ) အခွန်အယူခံခုံအဖွဲ့၏ ကိုယ်ပိုင် Website ရေးဆွဲလွှင့်တင်ထားရှိခြင်း၊

(ဃ) အခွန်အယူခံခုံအဖွဲ့ဥပဒေအရ အခွန်နှစ် တစ်နှစ်ပြီးဆုံးတိုင်း လုပ်ဆောင်ခဲ့သည့် ကြားနာမှုများနှင့် ပတ်သက်၍ အစိုးရအဖွဲ့သို့ တင်ပြခြင်းနှင့် အများပြည်သူ သိရှိစေရန် ထုတ်ပြန်ကြေညာခြင်း၊

(င) ခုံအဖွဲ့က အမှုများ စစ်ဆေးကြားနာမည့်နေ့ရက်နှင့် စီရင်ချက်ချမှတ်မည့်နေ့ရက်တို့ကို ခုံအဖွဲ့ရုံး ဝက်ဘ်ဆိုက်တွင် အနည်းဆုံး ခုနစ်ရက် ကြိုတင်ကြေညာခြင်းနှင့် စီရင်ချက်အမိန့်များကို မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာနိုင်ရန်အတွက် ပေးပို့ခြင်းတို့ဖြစ်ပါသည်။

၂၂။ အခွန်အယူခံခုံအဖွဲ့ရုံးအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် Public Feedback Programme (PFP) Web Portal ကို အသုံးပြု၍ အခွန်အယူခံခုံအဖွဲ့ရုံး မှတ်ပုံတင်အရာရှိထံသို့ လာရောက်၍ အမှုများ မှတ်ပုံတင်ပြုလုပ်ခြင်း၊ မိတ္တူမှန် လာရောက်လျှောက်ထားခြင်းများကို ဝန်ဆောင်မှုရယူကြသည့် ပြည်သူများ၏ မိုဘိုင်းဖုန်းများသို့ Short Code “1111” ဖြင့် မိမိတို့ဝန်ဆောင်မှုရယူခဲ့စဉ်က ကြုံတွေ့ရသည့် အခြေအနေများကို SMS ပေးပို့မေးမြန်းကာ ပြည်သူတို့၏ တုံ့ပြန်ဖြေကြားမှုများအား အကြံပြုချက်များအရ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး အစီအစဉ်ကို ဆောင်ရွက်လျက်ရှိပြီး အစီရင်ခံတင်ပြသည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် လျှောက်ထားသူ ပြည်သူဦးရေ ၂၀ ဦးထံသို့ SMS စောင်ရေ ၂၁ စောင် ပေးပို့မေးမြန်းခဲ့ရာ ပြည်သူတို့၏ တုံ့ပြန်ဖြေကြားမှု ပြန်ကြားစာ ၆ စောင် ရရှိခဲ့ပါသည်။

၂၃။ အခွန်အယူခံခုံအဖွဲ့က နှစ်အလိုက် စီရင်ဆုံးဖြတ်ပြီးစီးခဲ့သည့် အမှုတွဲများကို အမှုမှတ်တမ်းခန်းတွင် စနစ်တကျ ထိန်းသိမ်းထားရှိသကဲ့သို့ အမှုတွဲပါ အချက်အလက်များ ရေရှည်တည်တံ့နိုင်ရေးအတွက် ခေတ်မီတိုးတက်နေသည့် နည်းပညာများကို အသုံးပြုလျက် Case Management

System Software ကို ရေးဆွဲ၍ အမှုနှင့်သက်ဆိုင်သည့် အချက်အလက်များ ဖြည့်သွင်းခြင်း လုပ်ငန်းစဉ်ကို ၂၂-၄-၂၀၂၂ ရက်နေ့မှစတင်၍ Information and Communication Technology (ICT) Room တွင် Case Management System အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့က ဆောင်ရွက်လျက်ရှိရာ ၃၁-၃-၂၀၂၄ ရက်နေ့အထိ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှု အနေဖြင့် ၁၉၇၂ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ နှစ်အလိုက် စီရင်ဆုံးဖြတ်ပြီးစီးခဲ့သည့် အမှုတွဲများ အနေဖြင့် အယူခံမှု (၁၈၃၀) မှု၊ ပြင်ဆင်မှု (၁၅) မှု၊ ပြန်လည်သုံးသပ်မှု (၃၂၀) မှု၊ လွှဲအပ်မှု (၁၉) မှု၊ စုစုပေါင်း (၂၁၈၄) မှု ရှိပြီး ယင်းအမှုများအား စနစ်အတွင်း ထည့်သွင်းပြီးဖြစ်ပါသဖြင့် လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအနေဖြင့် (၁၀၀)ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပါသည်။

## နိဂုံး

၂၄။ ပြည်ထောင်စုအခွန်အကောက်အမျိုးမျိုးအပေါ် ဥပဒေအရ ခုခံချေပခွင့်၊ အယူခံပိုင်ခွင့်နှင့် အညီ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ အပါအဝင် အခွန်ထမ်းဆောင်သူများက တင်သွင်းလာသည့် အမှုများကို လွတ်လပ်စွာ ကြားနာစစ်ဆေး၍ ဥပဒေနှင့်အညီ မျှတစွာ စီရင်ဆုံးဖြတ်ချက်များကို မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန် ချမှတ်နိုင်ရေးအတွက် အခွန်အယူခံခုံအဖွဲ့က လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂၅။ အခွန်အယူခံခုံအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များကို အခွန်အယူခံခုံအဖွဲ့ဥပဒေအရ နှစ်စဉ် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြလျက်ရှိပြီး အများပြည်သူအား ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးနိုင်ရေးအတွက်ကိုလည်း Myanmar National Portal ၌ လည်းကောင်း၊ အခွန် အယူခံခုံအဖွဲ့၏ကိုယ်ပိုင် Website စာမျက်နှာတွင်လည်းကောင်း လွှင့်တင်ထားရှိလျက် ရှိပါကြောင်း တင်ပြအပ်ပါသည်။